# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ညွှန်ကြားချက်အမှတ် ၁၀ /၂၀၂၀

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄-ခ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **"ရေကြောင်းသုံးစက်ပစ္စည်းကိရိယာ အတည်ပြုခြင်းဆိုင်ရာ ညွှန်ကြားချက်"** ကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာအလံလွှင့်ထူထားသည့် အပြည်ပြည်ဆိုင်ရာခရီးစဉ်သွားသင်္ဘောများ၊ သင်္ဘောပိုင်ရှင်များ၊ အလံတင်နိုင်ငံ၏တိုင်းတာစစ်ဆေးရေးမှူးများနှင့် အသိအမှတ်ပြုအဖွဲ့အစည်းများ (Recognized Organizations) သည် ၁၉၇၄ ခုနှစ်၊ ပင်လယ်ပြင်၌ အသက်အန္တရာယ်ကင်းရှင်းရေး အတွက် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (SOLAS 74) နှင့် ယင်း၏ နောက်ဆက်တွဲစာချုပ်များ (Protocols) နှင့် သင်္ဘောများကြောင့်ဖြစ်ပွားသော ပတ်ဝန်းကျင်ညစ်ညမ်းမှုမှ ကာကွယ်တားဆီးခြင်းနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (MARPOL 73/78) နှင့် ယင်း၏ နောက်ဆက်တွဲစာချုပ်များ (Protocols) ပါ ရေကြောင်းသုံးစက်ပစ္စည်းကိရိယာများနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးရမည်။

၂။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုယ်စား လုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် အသိအမှတ်ပြုအဖွဲ့အစည်းများ (Recognized Organizations) သည် အောက်ပါအချက်များနှင့် ကိုက်ညီသည့် ရေကြောင်းသုံးစက်ပစ္စည်းကိရိယာများကို သင်္ဘောပေါ်တွင် တပ်ဆင်အသုံးပြုရန် အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုယ်စား အတည်ပြုလက်မှတ် ထုတ်ပေး ခွင့်ရှိသည်-

(က) အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) မှ အသိအမှတ်ပြုထားသည့် ရေကြောင်းသုံးစက်ပစ္စည်းကိရိယာဖြစ်ခြင်း၊

(ခ) နောက်ဆက်တွဲတွင် ဖော်ပြထားသည့် ရေကြောင်းသုံးစက်ပစ္စည်းကိရိယာ ညွှန်ကြားချက် (2014/90/EU) အရ လုပ်ပိုင်ခွင့်ပေးအပ်ထားသည့် အဖွဲ့အစည်း (a duly authorized Notified Body) မှ အတည်ပြုထားသည့် ရေကြောင်းသုံး စက်ပစ္စည်းကိရိယာဖြစ်ခြင်း၊

(ဂ) သတ်မှတ်အရည်အသွေး စစ်ဆေးရေးအဖွဲ့များ၏ အပြည်ပြည်ဆိုင်ရာအသင်း (International Association of Classification Societies (IACS)) တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးမှ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) ၏ စံသတ်မှတ်ချက် များနှင့်ကိုက်ညီသည်ဟူ၍ စစ်ဆေးအတည်ပြုထားသည့် စက်ပစ္စည်းကိရိယာ ဖြစ်ခြင်း။

၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အသိအမှတ်ပြုအဖွဲ့အစည်းများ (Recognized Organizations) သို့မဟုတ် သတ်မှတ်အရည်အသွေး စစ်ဆေးရေးအဖွဲ့များ၏ အပြည်ပြည်ဆိုင်ရာအသင်း (International Association of Classification Societies (IACS)) တို့၏ အဖွဲ့ဝင်များမှ စစ်ဆေး၍ အတည်ပြုထုတ်ပေးထားသောလက်မှတ် (test certificate) ပေါ်တွင် ထောက်ခံအတည်ပြုပေးရမည်။

၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာအလံလွှင့်ထူထားသည့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ်သွား သင်္ဘောပေါ်တွင် တပ်ဆင်ထားသော ရေကြောင်းသုံးစက်ပစ္စည်း ကိရိယာများသည် အတည်ပြုလက်မှတ် သို့မဟုတ် စက်ပစ္စည်း ထုတ်လုပ်သူများ၏ ကိုယ်ပိုင်အမှတ်အသားများ မပါရှိစေကာမူ အောက်ပါအချက်များနှင့် ကိုက်ညီမှုရှိပါက တပ်ဆင် အသုံးပြုခြင်းကို ခွင့်ပြုနိုင်ပြီး အတည်ပြုလက်မှတ် ထုတ်ပေးနိုင်သည်-

(က) ကောင်းမွန်စွာ အလုပ်လုပ်နိုင်သောအခြေအနေရှိခြင်း၊

(ခ) အလံတင်နိုင်ငံ၏ တိုင်းတာစစ်ဆေးရေးမှူးမှ စစ်ဆေး၍ ကျေနပ်မှုရှိခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) မှ သတ်မှတ်ထားသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိခြင်း။

၅။ သင်္ဘောပေါ်တွင် တပ်ဆင်အသုံးပြုထားသည့် ရေကြောင်းသုံးစက်ပစ္စည်းကိရိယာအား အသစ်လဲလှယ်တပ်ဆင်အသုံးပြုလိုပါက အပိုဒ် ၂ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာရမည်။

၆။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၁-၁၂-၂၀၁၅ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၆/၂၀၁၅ အား ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

11/9/20

စိုးနိုင်
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ရညန/ညွှန်ကြားချက်/၁၀၇၈

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်

**ဖြန့်ဝေခြင်း**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း

ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

**မိတ္တူကို**

- ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊
- ပြည်ထောင်စုရှေ့နေချုပ်ရုံး၊
- ရုံးလက်ခံ။